# နိဒါန်း

ကျောက်ခေတ်သစ်ကတည်းက လူနေထိုင်ခဲ့၊ တည်ရှိခဲ့သည့် ပုခန်းကြီးဒေသသည် ယဉ်ကျေးမှု အမွေအနှစ်ပေါင်းများစွာ ကျွန်ုပ်တို့ကို ပေးထားခဲ့ပါသည်။ ယင်းအမွေအနှစ်များ ထဲတွင် အနုပညာနှင့်ဗိသုကာလက်ရာများ ပါဝင်သည်။ ယခင် သုတေသီပညာရှင်အသီးသီးက ပုခန်းကြီးအကြောင်း အကြိမ်ကြိမ်ရေးသားခဲ့ရာတွင် ကွက်လပ်အဖြစ် ကျန်ရှိသည့် ပုခန်းကြီးမြို့နှင့် မြို့ရိုးတည်ဆောက်ပုံ၊ ပုခန်းကြီးစေတီပုထိုးများ၏ ဗိသုကာလက်ရာတို့ကို အသေးစိတ်လေ့လာ စိစစ်ပြီး သမိုင်းအမြင်ဖြင့် ချဉ်းကပ်ထားပါသည်။ ထို့အပြင် ပုခန်းကြီးရှေးဟောင်းနယ်မြေအတွင်းရှိ ဂူဘုရားများအတွင်းမှ နံရံဆေးရေးပန်းချီများကိုလည်းကောင်း၊ ရုပ်ပွားဆင်းတုတော်များအကြောင်း ကိုလည်းကောင်း လေ့လာစိစစ်ရန် ဤစာမူတွင် ကြိုးပမ်းထားပါသည်။

ကနဦး အပိုင်း (၁) ပုခန်းကြီးနောက်ခံသမိုင်းတွင် ပုခန်းကြီးဒေသသည် ကျောက်ခေတ် ကာလကတည်းက လူနေထိုင်ခဲ့ပုံ အထောက်အထားများ၊ နယ်ပယ်သတ်မှတ်ပုံ ရှစ်မျိုး၊ ပုခန်းကြီး ဒေသကျေးရွာများ၊ ပုခန်းကြီးရှေးဟောင်းရွာကြီးမှ ကုန်းဘောင်ခေတ်တွင် ခံတပ်မြို့အဖြစ် ရောက်ရှိပုံကို ရေးပါသည်။ အပိုင်း (၂) ပုခန်းကြီးမြို့ရိုး ငါးကြိမ်တည်ဆောက်ပုံ၊ မြို့တာအဝန်း ၅၀၀ တာဖြင့် တည်ဆောက်ထားရှိပုံကို ဆွေးနွေးပါသည်။ လောကီအစီအရင်လေ့အကြောင်းကို မြို့ရိုးတည်ဆောက်မှုတွင် ဆရာကြီးဒေါက်တာသန်းထွန်း၏ သုတေသနအမြင်ကိုအခြေခံကာ "တောင်မြောက် နံရံအနောက်ဘက်သို့ ယိမ်းသည့်မြို့ရိုး"အဖြစ် စဉ်းစားကြည့်ပြီး မြို့တည်ကာလ ခန့်မှန်းတွက်ချက်မှုကို ရေးသားထားပါသည်။ ထို့ပြင် မြို့တံခါး မေးလွှဲဖောက်လုပ်ခြင်း၊ ခံတပ် မြို့ရိုးအဖြစ်အသုံးချခြင်း၊ မြို့အင်္ဂါရပ်ညီမညီ၊ ကျုံးတော်နှင့် ရေသွယ်ရရှိပုံ၊ မြို့ရိုးတွင်အသုံးပြုသည့် အုတ်ချပ်အမျိုးကိုနှိုင်းယှဉ်ခြင်း၊ အုတ်စီရာတွင်သုံးသည့် သရွတ်သုံးစွဲခြင်း၊ အုတ်စီဒီဇိုင်းနှင့် နံရံ လေးဘက်မတူသည့် မြို့ရိုးတည်ဆောက်မှုပုံစံနှင့် ခံတပ်မြို့ရိုးအဖြစ် တည်ဆောက်ထားရှိမှုတို့ကို ရေးထားပါသည်။

အပိုင်း (၃) ပုခန်းစေတီပုထိုးများ၏ ဗိသုကာလက်ရာတွင် ပုခန်းကြီးဒေသစေတီ ပုထိုးပေါင်း ၃၈၀ ကျော်မှ ၂၀၀ ခန့်ကို ကွင်းဆင်းလေ့လာပြီး ခေတ်အလိုက် ရေးသားပုံဖော် ပါသည်။ ဤတွင် ပုဂံခေတ် ဗိသုကာလက်ရာများထဲမှ ဂေါတမ၊ ဘုရားအမှတ် (၁၀၆)၊ ဘုရားအမှတ် (၇၈)၊ ဘုရားအမှတ် (၈၂)၊ ကြောင်လိန်ဘုရားနှင့် အနောက်လှည့်ဘုရားများအကြောင်းကိုလည်း ဖော်ပြထားသည်။ အင်းဝခေတ်လက်ရာဘုရားများတွင် လုံးတော်ကြီး၊ ရွှေဘုံသာ၊ ခန္ဓသိမ်၊ ဘုရားနီ၊ ဘုရားနက်၊ အောင်တော်မူ၊ ရှင်အောင်မြင်၊ သောက်တော်ဂေါတို့၏ ဗိသုကာလက်ရာများကို လည်းကောင်း၊ ညောင်ရမ်းခေတ်လက်ရာများဖြစ်သည့် ရုပ်စုံကျောင်း၊ ရွှေဒေါင်းစဉ်ဂူဘုရားများကို လည်းကောင်း၊ ကုန်းဘောင်ခေတ်လက်ရာစေတီများဖြစ်သည့် မြစည်းခုံ၊ ပြည်လုံးချမ်းသာ (ကျွက်ကျွက်ဆူဘုရား)၊ စပါယ်ရုံ၊ ဆုတောင်းပြည့်၊ လောကမှန်ကူ၊ ဘဘေး၊ တင်ပျဉ်ပြည့်၊ သောတာပန်၊ မြသိန်းတန်၊ ဂံတရာဘုရားတို့၏ ဗိသုကာလက်ရာကိုလည်းကောင်း ပုံဖော်ထားပါသည်။

အပိုင်း (၄) တွင် ပုခန်းမြေက နံရံဆေးရေးပန်းချီများတွင် ပန်းချီအစ၊ မြန်မာ့ပန်းချီ ကောက်ကြောင်း၊ ဗုဒ္ဓယဉ်ကျေးမှု၊ ဗုဒ္ဓဝင်ဇာတ်နိပါတ် အခြေပြုပေါ်လာပုံကိုလည်းကောင်း၊ အထူး သဖြင့် မြန်မာတို့ အလေးအမြတ်ပြုရာ ကြာပန်းအသုံးပြုခြင်းနှင့် ကြာပန်းမျက်နှာကြက်များကို အလေးထားပြီးရေးဆွဲပုံ၊ ကနုတ်ပန်းမျက်နှာကြက်၊ ဗုဒ္ဓပုံပါ မျက်နှာကြက်များအကြောင်း စသည့် မျက်နှာကြက် ၁၉ ခုကို တင်ပြထားပါသည်။

ဤတွင် တင်ပြလိုသည်မှာ ပုခန်းဒေသ ကုန်းဘောင်ခေတ် နံရံပန်းချီအကောင်းဆုံး လက်ရာများဖြစ်သည့် မြေခဲတောင် လာဘကျော်စွာပန်းချီလက်ရာများ (၂၀၁၁) ကိုလည်းကောင်း၊ ပုခန်းနယ်မှတွေ့ရခဲ့သည့် ထူးဆန်းသည့် အသွင်ဆန်းရုပ်တုများ (၂၀၁၂)ကို လည်းကောင်း၊ လူနတ်ပြဟ္မာပုံပါ ထူးခြားသည့်ပန်းချီပုံများ (၂၀၁၃) ကိုလည်းကောင်း၊ ပခုက္ကူတက္ကသိုလ် နှစ်ပတ်လည် မဂ္ဂဇင်းများတွင် ပုံနှိပ်ဖော်ပြပြီးဖြစ်၍ ထပ်မံတင်သွင်းခြင်းမပြုဘဲ ချန်ထားခဲ့ပါကြောင်း တင်ပြ လိုပါသည်။ ထို့အပြင် စာတမ်းကိုရေးရန် ဦးဆုံးတိုက်တွန်းခဲ့သည့် ဆရာကြီး ဒေါက်တာတိုးလှ၏ "ပုခန်းနယ် ငါ့နယ်၊ မင်းရေးဖို့လိုမယ်" ဟူသော လမ်းညွှန်ချက်ကြောင့် ၂၀၁၁ ခုနှစ်မှစ၍ ပါရဂူဘွဲ့ အတွက် သုတေသနပြုခဲ့ပါသည်။ ယခုစာမူသည် ပါရဂူဘွဲ့အတွက် ပုခန်းဒေသ ခရီးသွား ကွင်းဆင်းတွေ့ရှိချက်များမှ ပါရဂူကျမ်းတွင် ထည့်သွင်းနိုင်ခြင်းမရှိခဲ့သည့် လက်ကျန်အထောက် အထားများကို အဓိကထား ပဓာနပြု၍ ရေးထားပါသည်။ ဓာတ်ပုံနှင့် အထောက်အထားအချို့ တို့ကို ပြန်သုံးပြီး အသိသစ်၊ အမြင်သစ်ဖြင့် လိုအပ်သည်များဖြည့်စွက်၍ ထပ်မံကွင်းဆင်းရေးသား ထားခြင်း ဖြစ်ပါသည်။

ထို့ပြင် ကုန်းဘောင်ခေတ်နှောင်းပိုင်း သောတာပန်ဘုရား၏ ပန်းချီလက်ရာတွင် ဘုရားရှင် ဇေတဝန်ဆောင်တွင် စံပယ်တော်မူခန်း၊ ဇေတဝန်ဆောင်နှင့် မြင်းသည်တော်၊ လခြမ်းဝိုင်း၊ မြန်မာ့ကနုတ်နှင့် ရဟန္တာများပုံ၊ ဗုဒ္ဓမြတ်စွာနှင့် လက်ဝဲရံ၊ လက်ယာရံပုံ၊ ဗုဒ္ဓနှင့်မင်းပရိသတ် ပန်းချီတို့ကို ပုဂံဘုရားပန်းချီတို့နှင့် နှိုင်းယှဉ်ပါသည်။

မြသိန်းတန်ဘုရားပန်းချီတွင် "ဝေသန္တရာမင်းကြီး ဆင်မြင်းတို့ကို လှူတော်မူဟန်"ကို ပုဂံတောင်ဘီရေးဟန်၊ စစ်ကိုင်းတီလောကဂုရုရေးဟန်တို့နှင့် နှိုင်းယှဉ်ထားပါသည်။ ထို့ပြင် အပြည့် ပုံများအဖြစ် ဥဒေါင်း၊ ကြက်တူရွေး၊ ကိန္နရာ စသည့်ပုံများကိုလည်းကောင်း ဗုဒ္ဓလောင်းတော် ဆောင်ယူသွားကြဟန်တို့ကို ရှင်းပြထားသည်။ ထို့ပြင် ဘုရားအမှတ် (၇၈) နှင့် ပုဂံအပါယ်ရတနာ ဘုရားပန်းချီနှင့် နှိုင်းယှဉ်ထားပါသည်။

ထို့ပြင် ဘုရားနက်ဂူဘုရား၏ ညောင်ရမ်းလက်ရာပန်းချီများမှာ ခြေတော်ရာပန်းချီ ဇာတာတော်ပုံမင်စာနှင့် ဘုရားနီဘုရားတွင် "နိုင်ငံခြားသား သေနတ်ကိုင်အမှုထမ်းပုံ"၊ "နိုင်ငံခြားသား ဆင်ထိန်းပုံ"၊ "ဝေါထမ်းသူ ဆာရီဝတ်အမျိုးသမီးပုံ" များတို့ တွေ့ရသည်။

၎င်းအပြင် ဘုရားအမှတ် (၁၀၂) ရှိ "လူနှင့်ဘီလူးသတ်ကြဟန်"၊ "ချက်ဖော်လုံချည် ဝတ်သည့်ကချေသည်" နှင့် ဝေသန္တရာဇာတ်တော်နှင့် မင်စာကို တွေ့ပါသည်။ လောကမှန်ကူ ဘုရားပန်းချီတွင် "တက္ကသိုလ်ဆရာကြီး စဉ်းစားဟန်"၊ "လုလင်ခြောက်ဦးပညာသင်ခန်း"၊ ဆင်၊ ကျား၊ ခြင်္သေ့၊ ဂဠုန်ပုံများ ရေးဆွဲထားပြီး၊ ရုပ်စုံကျောင်းဘုရားမှာ "ခြေတော်ရာမျက်နှာကြက်ပုံ"၊ "လှေတော်ပုံ"၊ "မြင်းစီးပြိုင်ပုံ" အကြောင်းရေးထားပါသည်။

တင်ပျဉ်ပြည့်ဘုရားပန်းချီ၏ထူးခြားချက်မှာ "သဘင်ခံအမျိုးသမီး အငြိမ့်ဆိုင်းပုံ" ရေးဆွဲ ထားပြီး "ဗုံ၊ ပတ္တလား၊ စောင်း၊ မိချောင်း၊ စည်းစုပ်၊ ညှင်း၊ ပတ်တာ" စသောတူရိယာများဖြင့် တီးခတ်ဟန်ပါရှိခြင်းဖြစ်သည်။ အလားတူ ဘုရားအမှတ် (၁၀၈) မှာ ဗုဒ္ဓဝင်ဖွားတော်မူခန်း၊ ပုခန်းကြီး နဂါးရုံဘုရားမှာ အောင်ခြင်းရှစ်ပါး၊ ဇနကဇာတ်အကြောင်းကိုလည်းကောင်း၊ ကန်ရိုးချောင်း သုံးဆူတန်းမှာ ဝိဓူရဇာတ်၊ ရေစကြိုနဂါးရုံပန်းချီမှာ ဘုရားလောင်းပါရမီဖြည့်စဉ် ကျင်လည်ခဲ့ သော ပြကွက်များ၊ ရေစကြို ဒီပင်္ကရာဘုရားတွင် မြင်းမိုရ်တောင်၊ ဒေါင်းပုံအမျိုးမျိုး၊ နဂါး၊ ဂဠုန်၊ ဂုမ္ဘာန်၊ ယက္ခ စသည့်ပုံများကိုလည်းကောင်း ရေးဆွဲထားသည်။

သစ်ပင်ပန်းမန်ပန်းချီပုံဆန်းများကို ကွက်ဖြည့်အဖြစ်လည်းကောင်း၊ နှစ်ကျပ်ရှစ်ဆူမှီရာ အပင်များကိုလည်းကောင်း ရေးဆွဲထားသည်။ ဆေးရောင်ရွေးချယ်သုံးစွဲမှုနှင့် ပုခန်းပန်းချီဖြူငုံ သုံးသပ်ချက်ကို ထည့်သွင်းဖော်ပြထားပါသည်။

အပိုင်း (၅) ပုခန်းဒေသရုပ်ပွားဆင်းတုတော်များကဏ္ဍတွင် ရုပ်တုအစစ်ကို ခြေရာ ကောက်ပြီး မြန်မာနိုင်ငံ ပျူမြို့တော် ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းတို့တွင် မဟာယာနနှင့် ထေရဝါဒထွန်းကားခဲ့ကြောင်း တင်ပြပါသည်။ ယင်းနောက်မှ ပုဂံခေတ်ရုပ်ပွားတော်များ စံအဖြစ် သတ်မှတ်ထားသော ပုံစံကိုယူ၍ ရှင်မတောင်စာပါ ကြေးဆင်းတု၊ ပုခန်းနယ်အတွင်းရှိ မင်းဝတ် ဆင်းတုတော်များ၊ သစ်သားပန်းပု ဆင်းတုတော်များ၊ အင်္ဂတေဆင်းတုတော်များဖြစ်သည့် ဂေါတမ၊ ဘုရားနီ၊ တင်ပျဉ်ပြည့်၊ လာဘကျော်စွာနှင့် ဘုရားနက်၊ ကျောင်းတော်ကြီးတံတိုင်းအတွင်းရှိ ဆင်းတုတော် စသည့် ဆင်းတုတော် ၁၄ ဆူကိုလည်းကောင်း၊ စကျင်ကျောက် ဆင်းတုတော်ကို လည်းကောင်း၊ ဆင်ခံရုပ်ဆင်းတုတော်များကိုလည်းကောင်း၊ ရပ်တော်မူဆင်းတုတော်များကို လည်းကောင်း၊ လျောင်းတော်မူဆင်းတုတော်များကိုလည်းကောင်း၊ သတ္တဌာန ဆင်းတုတော်များ ကိုလည်းကောင်း၊ ပုခန်းကြီးပြတိုက်အတွင်းရှိ ဆင်းတုတော်များကိုလည်းကောင်း၊ မံဘုရား ဆင်းတု တော်များကိုလည်းကောင်း အသေးစိတ်ရွေးချယ်၍ ခေတ်အလိုက်ကွာခြားချက်များကို အသေးစိတ်ရေးသားထားပြီး ဆင်းတုတော်အဓိကပြုလုပ်သည့် သဲကျောက်ရရှိနိုင်သည့်အကြောင်း ကိုပါ ရေးသားထားပါသည်။

◈◈◈